ကန့်သတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံစာရင်းကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ( ၂၂ / ၂၀၁၈)**

၁၃၈၀ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

**အစိုးရအစုရှယ်ယာပါဝင်သောကုမ္ပဏီများတွင် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းကိစ္စ**

၁။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄ ခုနှစ်) ပုဒ်မ ၁၄၅ - က တွင် လည်းကောင်း၊ ၁-၈-၂၀၁၈ နေ့တွင် စတင်အာဏာတည်မည့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၂၈၂(က) တွင်လည်းကောင်း "အစိုးရကပိုင်ဆိုင်သည့် အစုရှယ်ယာပါဝင်သောကုမ္ပဏီ၏စာရင်းစစ်အား ပြည်ထောင်စုစာရင်းစစ်ချုပ်၏အကြံပြုချက်အရ ပြည်ထောင်စုဝန်ကြီးက ခန့်အပ်နိုင်သည် သို့မဟုတ် ပြန်လည်ခန့်အပ်နိုင်သည်" ဟု ပြဋ္ဌာန်းထားပါသည်။

၂။ အဆိုပါပြဋ္ဌာန်းချက်အရ အစိုးရအစုရှယ်ယာပါဝင်သောကုမ္ပဏီများတွင် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်း နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက် နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူများသိရှိရန် ထုတ်ပြန်ကြေငြာလိုက်သည်။

အမိန့်အရ

(signature) ၁၁/၇/၁၈

မြတ်ဖြူပြာကြည်

ဒုတိယညွှန်ကြားရေးမှူး

စာအမှတ်၊ မစက/၁၀၀/( ၆၃၃ /၂၀၁၈)

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

ဖြန့်ဝေခြင်း

မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ

ကန့်သတ်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်သူများ
အမိန့်ကြော်ငြာစာစာတွဲ
ရုံးလက်ခံ
မျှော